# "ကြားဖြတ်အရေးယူဆောင်ရွက်ခြင်း"ဆိုင်ရာ ကြားနာမှု အပြည်ပြည်ဆိုင်ရာတရားရုံးရှိ ဂမ်ဘီယာနိုင်ငံ နှင့် မြန်မာနိုင်ငံ အမှု

## မိတ်ဆက်

ဤအစီရင်ခံစာတွင် အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice – ICJ)[1] ၌ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက် မှ ၁၂ ရက်အတွင်း ပြုလုပ်မည့် "ကြားဖြတ်အရေးယူဆောင်ရွက်ခြင်း" (provisional measures) ကိစ္စရပ်တစ်ခုတည်းအတွက် ဂမ်ဘီယာနှင့်မြန်မာအမှုဆိုင်ရာ ကြားနာမှုကိုသာ အလေးထား တင်ပြသွားပါမည်။ အခြား ပိုမိုကျယ်ပြန့်သော ကိစ္စရပ်များနှင့် အမှုတွဲတစ်ရပ်လုံးကို တင်ပြသွားမည် မဟုတ်ပေ။

ဂမ်ဘီယာမှ မြန်မာနိုင်ငံအပေါ် မည်သည့်ကိစ္စရပ်နှင့် ပတ်သက်ပြီး စွဲချက်တင်ထားသနည်း။

၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ဂမ်ဘီယာသမ္မတနိုင်ငံသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအား "အခြားလုပ်ထုံးလုပ်နည်းများနှင့် ကြားဖြတ်အရေးယူဆောင်ရွက်ပေးရန်လျှောက်လဲလွှာ" ကို အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) ထံသို့ တင်သွင်းခဲ့ပါသည်။

မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်ခြင်းပြစ်မှုအားတားဆီးခြင်းနှင့် ပြစ်ဒဏ်ပေးခြင်းဆိုင်ရာ စာချုပ် ("စာချုပ်") ကို မြန်မာနိုင်ငံ၏လိုက်နာဆောင်ရွက်မှုအပေါ် "အငြင်းပွားမှုတစ်စုံတရာ" ရှိသည်ဟူ၍ ဂမ်ဘီယာနိုင်ငံမှ တင်ပြထားပါသည်။

မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်ခြင်း (Genocide) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို စာချုပ်၏ အခန်း (၂) တွင် ပါရှိပြီး နောက်ဆက်တွဲ (၁) တွင် ဖတ်ရှုနိုင်ပါသည်။

ဂမ်ဘီယာနိုင်ငံ၏ တင်ပြချက်တွင် မြန်မာနိုင်ငံသည် စာချုပ်ပါ လိုက်နာရမည့်အချက်များကို ဖောက်ဖျက်ကျူးလွန်ခဲ့သည် ဟူ၍ စောဒက တက်ထားပါသည်။ ယင်းတို့မှာ -

- မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်ခြင်းပြစ်မှုကို ကျူးလွန်မှု
- မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်ခြင်းပြစ်မှုအတွက် ပူးပေါင်းကြံစည်မှု

[1] အပြည်ပြည်ဆိုင်ရာတရားရုံးနှင့် အပြည်ပြည်ဆိုင်ရာဥပဒေပညာရှင်များကော်မရှင်အဖွဲ့ တို့သည် အတိုကောက်ခေါ်ဝေါ်သော စကားလုံး (ICJ) တူညီသော်လည်း အဖွဲ့အစည်းနှစ်ခုမှ စပ်ဆက်မှုမရှိပေ။ ကုလမဂ္ဂပဋိဉာဉ်စာချုပ်အရတည်ထောင်ဖွဲ့စည်းထားသော အပြည်ပြည်ဆိုင်ရာတရားရုံးသည် ကုလသမဂ္ဂ၏အဓိကတရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်ပြီး နယ်သာလန်နိုင်ငံ သဟိတ်မြို့တွင် အခြေစိုက်ပါသည်။ အပြည်ပြည်ဆိုင်ရာဥပဒေပညာရှင်များကော်မရှင်အဖွဲ့သည် တရားဥပဒေစိုးမိုးရေးမှတဆင့် လူ့အခွင့်အရေးများ ကာကွယ်မြှင့်တင်ရေးကို ဆောင်ရွက်လျက်ရှိသော အစိုးမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ယင်းကို ၁၉၅၂ ခုနှစ်တွင်တည်ထောင်ခဲ့ပြီး ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့တွင်အခြေစိုက်ကာ အာရှဒေသအပါအဝင် ဒေသအသီးသီးတွင် အခြေစိုက်ရုံးခန်းများဖွင့်လှစ်ထားရှိပါသည်။

- မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်ခြင်းပြစ်မှုကျူးလွန်ရန် အများပြည်သူအား တိုက်ရိုက်လှုံ့ဆော်မှု
- မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်ခြင်းပြစ်မှုအတွက် အားထုတ်မှု
- မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်ခြင်းပြစ်မှုတွင် ပါဝင်ပတ်သတ်မှု
- မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်ခြင်းပြစ်မှုအား ကာကွယ်ရန် ပျက်ကွက်မှု
- မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်ခြင်းပြစ်မှုအား အပြစ်ပေးရန် ပျက်ကွက်မှု
- စာချုပ်ပါအချက်များအား နိုင်ငံအတွင်းသက်ရောက်မှုရှိစေရန် လိုအပ်သော ဥပဒေများကို ပြဌာန်းရန် ပျက်ကွက်မှု စသည့်အချက်များ ပါဝင်ပါသည်။

အထူးသဖြင့် လျှောက်လဲလွှာ၏ အပိုဒ် ၆ တွင် ဂမ်ဘီယာနိုင်ငံမှ ဆိုထားသည်မှာ "နှစ်ပေါင်းများစွာ ဖိနှိပ်ချုပ်ချယ်မှု နှင့် ခွဲခြားဆက်ဆံမှုများရှိခဲ့ပြီး ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်းတွင် မြန်မာစစ်တပ် ("တပ်မတော်") နှင့် အခြား မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရိုဟင်ဂျာများကို "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" (မြန်မာနိုင်ငံကိုယ်၌ ခေါ်ဝေါ်အသုံးပြုသော အသုံးအနှုန်းဖြစ်သည်) များဖြင့် နှိမ်နင်း ဆောင်ရွက်ခဲ့ပါသည်။ ထိုစစ်ဆင်ရေးများတွင် ကျူးလွန်ခဲ့သော မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်ခြင်း ပြစ်မှုမြောက်သော လုပ်ရပ်များဖြစ်သည့် အစုလိုက်သတ်ဖြတ်မှု၊ အဓမ္မကျင့်မှုနှင့်အခြား လိင်အကြမ်းဖက်မှုများ အပြင် ရွာများကို စနစ်တကျမီးရှို့ဖျက်ဆီးမှုများ တခါတရံတွင် အိမ်အထဲတွင် လူများကို ပိတ်နှောင်ပြီး မီးရှို့ဖျက်စီးမှုများ စသည့်နည်းလမ်းများဖြင့် ရိုဟင်ဂျာများကို လူမျိုးစုလိုက် တစ်စိတ်တဒေသသော် လည်းကောင်း အလုံးစုံသော်လည်းကောင်း ကွဲပျောက်သွားအောင် ရည်ရွယ်ပြီး ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လနောက်ပိုင်းတွင် မြန်မာနိုင်ငံမှ ပိုမိုကြီးမားပြီး ပိုမိုကျယ်ပြန့်စွာ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" များကို ပြန်လည်ဆောင်ရွက်ခဲ့သည့်အတွက် မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်ခြင်း ပြစ်မှုမြောက်သော လုပ်ရပ်များ ဆက်လက်ပေါ်ပေါက်ခဲ့ပါသည်။"

ထိုအချက်အလက်များသည် ကုလသမဂ္ဂ၏ လမ်းညွှန်ပံ့ပိုးမှုဖြင့် ဆောင်ရွက်ခဲ့သော သီးခြားလွတ်လပ်သော စုံစမ်းစစ်ဆေးမှုများမှတဆင့် အသေးစိတ်စာရင်းပြုစုထားရှိပြီး နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့အစည်းများ နှင့် အခြားယုံကြည်စိတ်ချရသောရင်းမြစ်များမှ အတည်ပြုထားပြီး ဖြစ်ကြောင်း ဂမ်ဘီယာမှဆိုပါသည်။ အထူးသဖြင့် ဂမ်ဘီယာနိုင်ငံသည် မြန်မာနိုင်ငံအတွက် နိုင်ငံတကာသီးခြားလွတ်လပ်သော အချက်အလက်ရှာဖွေရေးအဖွဲ့ (Independent International Fact-finding Mission on Myanmar – FFM) ၏ အစီရင်ခံစာများအပေါ်များစွာ မှီငြမ်းထားပါသည်။ လျှောက်လဲလွှာ၏ အပိုဒ် ၁၁၂ တွင် စာချုပ်ပါ ပုဒ်မတစ်ခုချင်းစီကိုကိုးကားပြီး မြန်မာနိုင်ငံအား အောက်ပါ အချက်များကို ဆောင်ရွက်လာအောင် "ဆုံးဖြတ်ကြေညာ" ပေးရန် ဂမ်ဘီယာသည် ICJ ရုံးတော်ထံ လျှောက်ထားပါသည်။

- စာချုပ်ပါလိုက်နာရမည့်အချက်များကိုချိုးဖောက်ခဲ့ပြီး ဆက်လက်၍လည်း ချိုးဖောက်လျက်ရှိခြင်း၊
- နိုင်ငံတကာစာချုပ်အရ ၎င်းကဲ့သို့မှားယွင်းသောလုပ်ရပ်များအားဆက်လက်ဆောင်ရွက်နေမှုကို ချက်ချင်းရပ်တန့်ရန် နှင့် စာချုပ်ပါလိုက်နာရမည့်တာဝန်များကိုလေးစားရန်၊
- အရည်အချင်းရှိသောခုံရုံးမှ မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်ခြင်းပြစ်မှု ကျူးလွန်ခဲ့သူများအား နိုင်ငံတကာရာဇဝတ်ခုံရုံးအပါအဝင်မှ ပြစ်ဒဏ်ချအရေးယူမှုရှိအောင် ဆောင်ရွက်ရန်၊

• မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်ခြင်းပြစ်မှုကို ကျူးလွန်ခံခဲ့ရသူများ ရိုဟင်ဂျာမျိုးနွယ်စုအဖွဲ့ဝင်များ၏ အကျိုးစီးပွားအလို့ှာ တစုံတရာပြန်လည်ကုစားပေးဆောင်ရွက်ရမည့် တာဝန်များကို (အတင်းအဓမ္မ ရွှေ့ပြောင်းခံခဲ့ရသော ရိုဟင်ဂျာများအား လုံခြုံစိတ်ချရပြီး ဂုဏ်သိက္ခာရှိစွာပြန်လာခွင့်ကို ခွင့်ပြုပေးရန်နှင့် ယင်းတို့၏ တင်းပြည့်နိုင်ငံသားရရှိခွင့်နှင့် လူ့အခွင့်အရေးများကိုလေးစားရန် နှင့် ခွဲခြားဆက်ဆံမှုနှင့် ဖိနှိပ်ခံရမှုတို့မှ ကာကွယ်မှုပေးရန် နှင့် မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်ခြင်းပြစ်မှုကိုကာကွယ်ရမည့် တာဝန်ရှိသည်နှင့်အညီ အခြားဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆောင်ရွက်ရန်၊

• စာချုပ်ပါချက်များကို နောက်ထပ်ထပ်မံချိုးဖောက်မည်မဟုတ်ကြောင်း အာမခံချက်များပေးရန် စသည့် အချက်များပါဝင်ပါသည်။

ယင်းကို အမှု၏ "အကြောင်းအခြင်းရာ" (merits) ဟူ၍ခေါ်ဆိုကြပါသည်။

ဤအမှုအားဆက်လက်ကြားနာစစ်ဆေးပါက အမှု၏အကြောင်းအခြင်းအရာအပေါ် ရုံးတော်မှအပြီးသတ် အမိန့်ချဖို့ရန် အချိန်များစွာကြာနိုင်ပေသည်။

မည်သည့် ကြားဖြတ်အရေးယူဆောင်ရွက်မှုများကို ဂမ်ဘီယာမှလျှောက်လဲလွှာတွင် တောင်းဆို ထားသနည်း။

ဂမ်ဘီဘာနိုင်ငံ၏ လျှောက်လဲလွှာတွင် "အခွင့်အရေးများချိုးဖောက်ခံရမှု၏ လက်ရှိအခြေအနေနှင့် ရိုဟင်ဂျာမျိုးနွယ်စုဝင်များမှ ဆက်လက်ခံစားနေရသော ပြင်းထန်ပြီး ပြန်လည်ကုစား၍မရနိုင်သော ထိခိုက်နစ်နာမှုများကိုထောက်ရှုပြီး" ရုံးတော်မှ ကြားဖြတ်အရေးယူဆောင်ရွက်မှုများကို သတ်မှတ်ပေးရန် တောင်းဆိုထားပါသည်။

ဂမ်ဘီယာ၏လျှောက်လဲလွှာ အပိုဒ် ၁၃၂ တွင် ကြားဖြတ်အရေးယူဆောင်ရွက်မှု ငါးချက် ကိုသတ်မှတ်ပေးရန် တောင်းဆိုထားပါသည်။ (အပြည့်အစုံကို နောက်ဆက်တွဲ ၂ တွင်ဖတ်နိုင်ပါသည်။)

အမှုစစ်ဆေးနေချိန်အတွင်း နောက်ထပ် ကြားဖြတ်အရေးယူဆောင်ရွက်မှုများတောင်းဆိုခွင့်ကိုလည်း ကြိုတင်ရယူထားပြီး ရုံးတော်သည် တောင်းဆိုသော ကြားဖြတ်အရေးယူဆောင်ရွက်မှုများကို ရွေးချယ်သတ်မှတ်ပိုင်ခွင့်ရှိပြီး ရုံးတော်မှ အပြီးသတ်အမိန့်ချပြီး သတ်မှတ်ထားသော ကြားဖြတ်အရေးယူ ဆောင်ရွက်မှုများ လျှောက်လဲရာတွင်တောင်းဆိုထားသောအချက်များနှင့် ကွာခြားနိုင်ပေသည်။

ထူးခြားသည့်အချက်မှ ကြားဖြတ်အရေးယူဆောင်ရွက်မှုများကိုရုံးတော်မှ သတ်မှတ်ရာတွင် အမိန့်ချထားသော ကြားဖြတ်အရေးယူဆောင်ရွက်မှုများအား အကောင်အထည်ဖော်မှုအခြေအနေကို အမိန့်ချမှတ်ပြီး လေးလထက်နောက်မကျဘဲ သက်ဆိုင်သူများမှ အစီရင်ခံစာတစ်စောင်စီ ရုံးတော်ထံ တင်သွင်းဖို့ရန် ဂမ်ဘီယာနိုင်ငံမှ တောင်းဆိုခဲ့ပါသည်။

နောက်ဆုံးအချက်မှာ ကြားဖြတ်အရေးယူဆောင်ရွက်မှုများကို "အဆုံးစွန်အဆောတလျင် ဆောင်ရွက်သင့်သည့်ကိစ္စရပ်" အဖြစ်ကိုင်တွယ်စဉ်းစားပေးရန် ဂမ်ဘီယာမှ ရုံးတော်ထံတောင်းဆိုခဲ့ပါသည်။

ကြားဖြတ်အရေးယူဆောင်ရွက်မှုများအတွက် ကြားနာမှုများကိုမည်သည့်နေရက်များတွင် ပြုလုပ်မည်နည်း။

"ကြားဖြတ်အရေးယူဆောင်ရွက်မှုများသတ်မှတ်ပေးရန် လျှောက်ထားတောင်းဆိုမှု" နှင့်စပ်လျဉ်းပြီး အများပြည်သူတက်ရောက်နိုင်သော ကြားနာမှုများကို ဒီဇင်ဘာလ ၁၀ ရက် နေ့မှ ၁၂ ရက်နေ့အတွင်း ပြုလုပ်သွားမည်ဟူ၍ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ICJ မှ ကြေညာခဲ့ပါသည်။

ICJ ၏ အင်တာနက်စာမျက်နာတွင် ကြားနာမှုမျာကို အောက်ပါအတိုင်းပြုလုပ်သွားမည်ဖြစ်ပါသည်။

- ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက် (အင်္ဂါနေ့) - မနက် ၁၀ နာရီ - နေ့လည် ၁ နာရီ - ဂမ်ဘီယာသမ္မတနိုင်ငံ
- ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက် (ဗုဒ္ဓဟူးနေ့)- မနက် ၁၀ နာရီ - ၁၁း၃၀ နာရီ - ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
- ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက် - မနက် ၁၀ နာရီ - ၁၁း၃၀ နာရီ - ဂမ်ဘီယာသမ္မတနိုင်ငံ
- ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက် - မွန်းလွဲ ၃ နာရီ - ၄း၃၀ နာရီ - ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ

ဤကြားနာမှုများသည် ကြားဖြတ်အရေးယူဆောင်ရွက်မှုများသတ်မှတ်ပေးရန် ကိစ္စရပ်အတွက်သာဖြစ်ပြီး အမှု၏ အကြောင်းအခြင်းအရာအတွက် မဟုတ်ပေ။

ICJ မှ နှုတ်ဖြင့်လျှောက်လဲချက်ပေးမှုနှင့် စပ်လျဉ်း၍ လုပ်ငန်းလမ်းညွှန်ချက်များကို ထုတ်ပြန်ထားပြီးဖြစ်ရာ ယင်းတွင် လျှောက်လဲမှုများသည် လုံးဝလိုအပ်သည့်အခါမှသာ ထည့်သွင်းဆွေးနွေးခြင်းမှအပ အမှု၏အကြောင်းအခြင်းအရာများ (merits of the case) ကို ထည့်သွင်းဆွေးနွေးခြင်းကို တားမြစ်ထားပါသည်။

လုပ်ငန်းလမ်းညွှန်ချက် ၁၁

ကြားဖြတ်အရေးယူဆောင်ရွက်မှုများကို သတ်မှတ်ပေးရန်ကိစ္စရပ်နှင့် စပ်လျဉ်းသည့် နှုတ်ဖြင့်လျှောက်လဲချက်ပေးမှုများသည် ရုံးတော်၏စီရင်ပိုင်ခွင့်ဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများတွင် ပါရှိသော ကြားဖြတ်အရေးယူဆောင်ရွက်မှုများကို သတ်မှတ်ပေးမှုအတွက် လိုအပ်ချက်များနှင့် ဆက်နွယ်သော ကိစ္စရပ်များကိုသာ နှစ်ဖက်စလုံးမှ လျှောက်လဲရမည်ဖြစ်သည်။ နှစ်ဖက်စလုံးသည် လုံးဝလိုအပ်သည့်အခါမှသာ ထည့်သွင်းဆွေးနွေးခြင်းမှအပ အမှု၏အကြောင်းအခြင်းအရာများ ထည့်သွင်းမဆွေးနွေးသင့်ပေ။

ကြားဖြတ်အရေးယူဆောင်ရွက်မှုများဆိုသည်မှာအဘယ်နည်း။

ကြားဖြတ်အရေးယူဆောင်ရွက်မှုများဆိုသည်မှာ အမှုအား အပြီးသတ်အမိန့်မချမှတ်နိုင်မီ အငြင်းပွားမှု ဖြစ်လျက်ရှိနေသူများ၏ အခွင့်အရေးများကို ပြန်လည်ကုစား၍မရသော ထိခိုက်နစ်နာမှုများမဖြစ်စေရန် သက်ဆိုင်သူများ၏ အခွင့်အရေးများကို ကာကွယ်ပေးဖို့ရန် ရည်ရွယ်ပြီး ရုံးတော်မှချမှတ်နိုင်သော အမိန့် အမျိုးအစားတစ်ခုဖြစ်ပါသည်။

ICJ ဥပဒေ၏ ပုဒ်မ ၄၁ တွင် အချို့သောအခြေအနေများတွင် ကြားဖြတ်အရေးယူဆောင်ရွက်မှုများ သတ်မှတ်ဆောင်ရွက်နိုင်ခွင့်ကို ICJ အားအပ်နှင်းထားပါသည်။

ပုဒ်မ ၄၁

၁. အခြေအနေရပ်ရပ်အရ လိုအပ်သည်ဟု ယူဆပါက ရုံးတော်သည် တစ်ဖက်ဖက်၏ သက်ဆိုင်ရာအခွင့်အရေးများကို ကာကွယ်ပေးရန်အလို့ငှာ မည်သည့် ကြားဖြတ်အရေးယူ ဆောင်ရွက်မှုမျိုးကို မဆို သတ်မှတ်ပေးနိုင်သည်။

၂. အပြီးသတ်အမိန့်မချမှတ်မီတွင် ဆောင်ရွက်ရမည့်အချက်များ အကြောင်းကြားစာကို သက်ဆိုင်သူများနှင့် လုံခြုံရေးကောင်စီထံသို့ ချက်ချင်းပေးအပ်ရမည်။

ကြားဖြတ်အရေးယူဆောင်ရွက်ပေးရန်လျှောက်ထားတောင်းဆိုမှု၏ လုပ်ငန်းစဉ်မှာ မည်သို့နည်း။

ICJ ၏ နည်းဥပဒေများတွင် သက်ဆိုင်ရာလုပ်ငန်းစဉ်ကို ရှင်းလင်းထားပါသည်။ ယင်းတွင် -

- မည်သည့်အမှုသည် မဆို အမှုအားစစ်ဆေးနေစဉ်ကာလအတွင်း ကြားဖြတ်အရေးယူ ဆောင်ရွက်မှုများသတ်မှတ်ပေးဖို့ရန် စာဖြင့်ရေးသား လျှောက်ထားနိုင်ပါသည်။ (ပုဒ် မ ၇၃ (၁))
- ကြားဖြတ်အရေးယူ ဆောင်ရွက်မှုများသတ်မှတ်ပေးဖို့ရန် လျှောက်ထားမှုကို အခြားအမှုများထက် ပိုမိုဦးစားပေး ဆောင်ရွက်ရမည်။ (ပုဒ် မ ၇၄ (၁))
- အမှုသည် ကြားဖြတ်အရေးယူ ဆောင်ရွက်မှုများသတ်မှတ်ပေးဖို့ရန် လိုအပ်သည့် အခြေအနေများရှိမရှိကို ရုံးတော်မှ မည်သည့်အချိန်တွင်မဆို ယင်းကိုယ်တိုင်စတင်ပြီး စစ်ဆေးနိုင်ပါသည်။ (ပုဒ်မ ၇၅ (၁))
- ကြားဖြတ်အရေးယူ ဆောင်ရွက်မှုများသတ်မှတ်ပေးဖို့ရန် လျှောက်ထားတောင်းဆိုပြီးပါက ရုံးတော်သည် တောင်းဆိုထားသော အချက်များနှင့် မတူညီသော အချက်များကို သတ်မှတ်နိုင်ပေသည်။ (ပုဒ် ၇၅ (၂))
- ကြားဖြတ်အရေးယူ ဆောင်ရွက်မှုများသတ်မှတ်ပေးဖို့ရန် လျှောက်ထားတောင်းဆိုမှု ငြင်းပယ်ခဲ့ပါက တောင်းဆိုမှုကိုပြုလုပ်ခဲ့သော “အချက်အလက်အသစ်များ”ကို အခြေခံပြီး အမှုသည်မှ နောက်ထပ်တဖန် လျှောက်ထားတောင်းဆိုနိုင်ပါသည်။ (ပုဒ်မ ၇၅ (၃))
- အခြေအနေများအရ ပြောင်းလဲဆောင်ရွက်ဖို့ရန် လိုအပ်ပါက အပြီးသတ်အမိန့်မချမှတ်မီ ကာလ အတွင်း သတ်မှတ်ထားသော ကြားဖြတ်အရေးယူဆောင်ရွက်မှုများ ကို ရုံးတော်မှ ရုပ်သိမ်း (သို့) ပြောင်းလဲနိုင်ပါသည်။ (ပုဒ်၄ ၇၆ (၁))
- ရုံးတော်မှ သတ်မှတ်သော မည်သည့် ကြားဖြတ်အရေးယူ ဆောင်ရွက်မှုကိုမဆို ကုလလုံခြုံရေးကောင်စီထံတင်ပြနိုင်ရန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး ထံသို့ အကြောင်းကြားရမည်။ (ပုဒ်မ ၇၇)

- ကြားဖြတ်အရေးယူ ဆောင်ရွက်မှုများအကောင်ထည်ဖော်မှုနှင့်ပတ်သတ်ပြီး မည့်သည့် ကိစ္စရပ် အတွက်မဆို ရုံးတော်သည် သက်ဆိုင်သူများထံမှ အချက်အလက်များ တောင်းခံနိုင်ပါသည်။ (ပုဒ် ၇၈)

ကြားဖြတ်အရေးယူ ဆောင်ရွက်မှုများသတ်မှတ်ပေးဖို့ရန် လျှောက်ထားတောင်းဆိုမှုအား ရုံးတော်မှ ခွင့်ပြုခြင်း (သို့) ငြင်းပယ်ခြင်းဆိုင်ရာ ဆုံးဖြတ်ချက်ကို အမိန့်အဖြစ်ထုတ်ပြန်ပြီး အများပြည်သူ တက်ရောက်နိုင်သော တရားခွင်တွင် ထိုအမိန့်ကို ဖတ်ပြပေးပါသည်။

ကြားဖြတ်အရေးယူဆောင်ရွက်မှုများသတ်မှတ်ပေးဖို့ရန်လျှောက်ထားတောင်းဆိုမှုအတွက် မည်သည့် အချက်များကို ထည့်သွင်းစဉ်းစားပါသနည်း။

၂၀၁၇ ခုနှစ် မေလ ၁၉ ရက်နေ့တွင် ဂျားဒတ်ဗ်အမှု နှင့်စပ်လျဉ်းပြီး ကြားဖြတ်အရေးယူ ဆောင်ရွက်မှုများအတွက် အမိန့်တစ်ရပ်ထုတ်ပြန်ခဲ့ပါသည်။ ယင်းတွင် ကြားဖြတ်အရေးယူ ဆောင်ရွက်မှုများ သတ်မှတ်ပေးဖို့သင့်မသင့် ဆုံးဖြတ်ရာတွင် လိုအပ်သည့် အချက် လေး ချက်ကိုထည့်သွင်း စဉ်းစားသွားမည် ဖြစ်ကြောင်း ထုတ်ပြန်ထားပါသည်။

### *(၁) ဥပဒေကြောင်းအရမြင်သာသည့်အထောက်အထားရှိသောစီရင်ပိုင်ခွင့်(prima facie jurisdiction)*

လျှောက်ထားသူမှ အားကိုးအားထားပြုတင်ပြသည့် ပြဌာန်းချက်များသည် ရုံးတော်၏စီရင်ပိုင်ခွင့် အတွင်း ဆောင်ရွက်နိုင် သည်ဟု ဥပဒေကြောင်းအရမြင်သာသောအထောက်အထား (prima facie) ရှိမှသာလျှင်ကြားဖြတ်အရေးယူ ဆောင်ရွက်မှုများကို သတ်မှတ်ပေးနိုင်ပါသည်။ သို့ရာတွင် အမှု၏ အကြောင်းအခြင်းရာနှင့် စပ်လျဉ်းပြီး ရုံးတော်သည် စီရင်ပိုင်ခွင့်ရှိကြောင်းကို ပြတ်သွားစွာရှင်းလင်းပြဖို့ရန် မလိုအပ်ပေ။

ဂမ်ဘီယာနိုင်ငံသည် ၄င်း၏လျှောက်လဲလွှာတွင် ကုလပဋိညာဉ်စာတမ်းနှင့် စာချုပ်၏ ပုဒ်မ ၉ တို့တွင် စာချုပ်အဖွဲ့ဝင်နိုင်ငံများအကြား အငြင်းပွားမှုများကို ICJ ထံသို့တင်သွင်းရမည်ဟူ၍ပါရှိရာ ရုံးတော်သည် စီရင်ပိုင်ခွင့်ရှိကြောင်း တင်ပြထားပါသည်။

နှစ်ဖက်အမှုသည်များအကြား "အငြင်းပွားမှု" ရှိမရှိအပါအဝင် စသည်တို့ကို ဆုံးဖြတ်ဖို့ရန် စာချုပ်မှ ရုံးတော်ကို စီရင်ပိုင်ခွင့်အပ်နှင်းထားမှုအား ဥပဒေကြောင်းအရမြင်သာသောအထောက်အထား ရှိကြောင်း ရုံးတော်မှ သုံးသပ်ချင် ပေလိမ့်မည်။

### *(၂) ဖြစ်မြောက်နိုင်စွမ်းရှိမှု*

လက်ရှိအမှု၏အကြောင်းအခြင်းရာနှင့် ပတ်သတ်ပြီး အပြီးသတ်အမိန့်မချမှတ်မီကာလအတွင်း သက်ဆိုင်သူများ၏ အခွင့်အရေးများကို ကာကွယ်ပေးဖို့ရန်မှာ ကြားဖြတ်အရေးယူဆောင်ရွက်မှုများ သတ်မှတ်ပေးသည့် ရုံးတော်လုပ်ပိုင်ခွင့်အာဏာ၏ ရည်ရွယ်ချက်ဖြစ်သည်။

သို့ဖြစ်၍ အမှုသည်တစ်ဖက်ဖက်မှတောင်းဆိုလာသော အခွင့်အရေးများသည် အနည်းဆုံးဖြစ်မြောက် နိုင်စွမ်းရှိကြောင်း ပြသနိုင်မှသာ လျှင် ရုံးတော်မှ ထိုအခွင့်အရေးများသည် အမှုသည်တစ်ဖက်ဖက်တွင် ရှိကြောင်း ဆုံးဖြတ်ပေးနိုင်သည့် အခွင့်အရေးများကို ရုံးတော်မှ ရယူထားပါသည်။

လက်ရှိအမှုတွင် မြန်မာနိုင်ငံနယ်နိမိတ်အတွင်းရှိ စာချုပ်အရစောင့်ရှောက်ခံထားရသောအဖွဲ့ ဖြစ်သော ရိုဟင်ဂျာမျိုးနွယ်စုဝင်အားလုံး၏ အခွင့်အရေးများကို ကာကွယ်ဖို့ရန် ဂမ်ဘီယာနိုင်ငံမှ လျှောက်ထားပါသည်။ လက်ရှိအဆင့်တွင် *"ရုံးတော်သည်ထိုအခွင့်အရေးများရှိကြောင်းကို ပြတ်သားစွာ ပြသဖို့ရန်မလိုပေ။ "စာချုပ်အားအဓိပ္ပာယ်ဖွင့်ဆိုမှုတစ်ခုအရ" ထိုအခွင့်အရေးများရှိနိုင်ခြေရှိကြောင်း ပြသနိုင်ရုံဖြင့် လုံလောက်ပေသည်။"*

ထိုအပြင် ရိုဟင်ဂျာများ၏အခွင့်အရေးများအပြင် စာချုပ်အရ အားလုံးပိုင်ဆိုင်သောအခွင့်အရေးများ (erga omnes partes)ကိုလည်း ကာကွယ်စောင့်ရှောင့်ဖို့ကိုလည်း တောင်းဆိုထားပါသည်။ စာချုပ်အရ မြန်မာနိုင်ငံသည် အားလုံးနှင့်သက်ဆိုင်သော (erga omnes) လိုက်နာရမည့်တာဝန်များရှိပါသည်။

**(**၃) *ထင်ရှားပြီးဖြစ်အံ့ဆဲဆဲဖြစ်သောပြန်လည်ကုစား၍မရနိုင်သည့်အဂတိ (***prejudice)**

တရားစီရင်ရေးဆောင်ရွက်မှု၌ရှိနေသူများ၏အခွင့်အရေးများအပေါ် ကုစား၍မရနိုင်သည့်အဂတိ (prejudice) ရှိလာနိုင်သည့်အခြေအနေတွင် ရုံးတော်သည် ကြားဖြတ်အရေးယူဆောင်ရွက်မှုများ သတ်မှတ်ပေးဖို့ရန် အခွင့်အာဏာရှိပါသည်။

သို့ရာတွင် ရုံးတော်သည် ကြားဖြတ်အရေးယူဆောင်ရွက်မှုများကို အဆောတလျင်ဆောင်ရွက်ရမည့် အခြေအနေ၌သာ သတ်မှတ်ပေးရမည်ဖြစ်ပါသည်။ အဓိပ္ပာယ်မှာ ရုံးတော်မှ အပြီးသတ်အမိန့်မချမှတ်နိုင်မီ ကာလအတွင်း အငြင်းပွားမှုဖြစ်လျက်ရှိသူများ၏အခွင့်အရေးများအပေါ် ကုစား၍မရနိုင်သည့် အဂတိ အန္တရာယ်ကျရောက်နိုင်သည့် အခြေအနေမျိုးတွင် ဖြစ်သည်။

ဤအမှုသည် ထိုလိုအပ်ချက်များနှင့် ကိုက်ညီသည်မှာ သံသယဖြစ်ဖွယ်ရာမရှိကြောင်း ဂမ်ဘီယာနိုင်ငံမှ ဆိုပါသည်။

ထို့အပြင် အခြားကိစ္စရပ်များအပါအဝင် *"မြန်မာနိုင်ငံ၏ ရည်ရွယ်ချက်ရှိရှိနှင့် တမင်သက်သက် မြန်မာနိုင်ငံအတွင်းရိုဟင်ဂျာမျိုးနွယ်စုကို ဖျက်ဆီးရန် ကြိုးပမ်းမှုများကြောင့် ထိုမျိုးနွယ်စုဝင်အားလုံးသည် နောက်ထပ် မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်ခြင်းလုပ်ရပ်များကိုကြုံတွေ့ရနိုင်သည့် အန္တရာယ်အလွန်များ လျက်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံအတွင်းရှိ ကျန်ရှိနေသေးသော ရိုဟင်ဂျာမျိုးနွယ်စုများနှင့် လူပုဂ္ဂိုလ်များသည် သတ်ဖြတ်ခံရမှု၊ ညှဉ်းပန်းနှိပ်စက်ခံရမှု၊ အဓမ္မကျင့်ခံရမှု၊ တော်ပြတ်မှု နှင့် ယင်းတို့အား အစုလိုက် (သို့) တစ်စိတ်တစ်ဒေသအလိုက် ပျောက်ကွယ်ပျက်စီးသွားအောင် အခြားရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်မှုများ၏ အန္တရာယ်ကို နေ့စဉ်ရင်ဆိုင် ရလျက်ရှိပါသည်။"* ဟူ၍ တင်ပြထားပါသည်။

(၄) *တောင်းဆိုထားသောအခွင့်အရေးများနှင့် ကြားဖြတ်အရေးယူဆောင်ရွက်မှုအကြားချိတ်ဆက်မှု* အကာကွယ်ပေးဖို့ရန် တောင်းဆိုထားသူများ၏အခွင့်အရေးများနှင့် *ကြားဖြတ်အရေးယူဆောင်ရွက်မှု အကြားတွင် ချိတ်ဆက်မှုရှိနေရမည် ဖြစ်သည်။*

**ရုံးတော်မှကြားဖြတ်အရေးယူဆောင်ရွက်မှုများအားသတ်မှတ်ပေးလျှင်ယင်းတို့သည်သက်ဆိုင်သူများ အပေါ် ဥပဒေအရစည်းနှောင်မှုရှိပါသလား။**

ကုလပဋိညာဉ်စာတမ်း၏ ပုဒ်မ ၉၄ တွင် ICJ ၏ စီရင်ချက်များသည် အငြင်းပွားမှုနှင့်ဆက် စပ်လျက်ရှိသူများအပေါ် ဥပဒေအရစည်းနှောင်မှုရှိကြောင်း၊ အကယ်၍ ထိုစီရင်ချက်များကို အကောင်ထည်ဖော်မှုမရှိလျှင် လုံခြုံရေးကောင်စီထံသို့တင်ပြပြီး လုံခြုံရေးကောင်စီမှ ၎င်းစီရင်ချက်အား အသက်ဝင်လာအောင်မည်သို့ဆောင်ရွက်သင့်သည်ကို အကြံပေး (သို့) ဆုံးဖြတ်ဆောင်ရွက်ပေးလိမ့်မည်ဖြစ်ကြောင်း ပါရှိပါသည်။

***ပုဒ်မ ၉၄***

*၁. ကုလသမဂ္ဂ၏အဖွဲ့ဝင်နိုင်ငံတိုင်းသည်ယင်းပါဝင်သောမည်သည့်အမှုအပေါ်မဆို အပြည်ပြည်ဆိုင်ရာတရားရုံး၏ ဆုံးဖြတ်မှုများကို လိုက်နာဆောင်ရွက်ရမည်။*

*၂. ရုံးတော်၏စီရင်ချက်အရလိုက်နာဆောင်ရွက်ရမည့်တာဝန်များကိုဆောင်ရွက်ရန် ပျက်ကွက်ခဲ့ပါကတစ်ဖက်အမှုသည်သည်လုံခြုံရေးကောင်စီထံတင်ပြနိုင်ပါသည်။လုံခြုံရေးကောင်စီသည်အကယ်၍လိုအပ်သည်ဟုယူဆပါက၎င်းစီရင်ချက်အားအသက်ဝင်လာအောင်မည်သို့ဆောင်ရွက်သင့်သည်ကိုအကြံပေး(သို့)ဆုံးဖြတ်ဆောင်ရွက်ပေးပေလိမ့်မည်။*

ယခင်က ရုံးတော်မှကြားဖြတ်အရေးယူဆောင်ရွက်မှုများအားသတ်မှတ်ပေးမှုသည် အမှုသည်များအပေါ် ဥပဒေအရ တူညီသောစည်းနှောင်မှုရှိမရှိဆိုသည့်အပေါ်တွင် အငြင်းပွားမှုများရှိခဲ့ပါသည်။

သို့ရာတွင် ယင်းအငြင်းပွားမှုကို ၂၀၀၁ ခုနှစ် လာဂရန်အမှု မှဖြေရှင်းပေးခဲ့ပြီး ယင်းအမှုတွင် ICJ ဥပဒေ၏ ရည်ရွယ်ချက် နှင့် ပုဒ်မ ၄၁ ၏ အချက်များကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ကြားဖြတ်အရေးယူဆောင်ရွက်မှုများ အားသတ်မှတ်ပေးမှုသည် အမှုနှင့်ပတ်သတ်သော အမှုသည်များအပေါ် ဥပဒေအရစည်းနှောင်မှုရှိကြောင်း ရုံးတော်မှ တွေ့ရှိရကြောင်း ဆုံးဖြတ်ချက်ချထားပါသည်။ (အပိုဒ် ၁၀၂ မှ ၂၀၃)

ရုံးတော်မှကြားဖြတ်အရေးယူဆောင်ရွက်ချက်များသတ်မှတ်ပေးမှုတိုင်းကို လုံခြုံရေးကောင်စီထံသို့ တင်ပြရသော်လည်း (ICJ နည်းဥပဒေများ ပုဒ်မ ၇၇) ယင်းသည် လုံခြုံရေးကောင်စီမှအလိုအလျောက် ဆောင်ရွက်မည်ဟု၍ အဓိပ္ပာယ်သက်ရောက်ခြင်းမရှိပေ။

လုံခြုံရေးကောင်စီသည် ယင်း၏ လုပ်ထုံးလုပ်နည်းများ အရဆောင်ရွက်လိမ့်မည်ဖြစ်ပြီး ယင်း၏ လုပ်ထုံးလုပ်နည်းအရ နိုင်ငံတကာလုံခြုံရေးနှင့်ငြိမ်းချမ်းရေးကို ခြိမ်းခြောက်လာခဲ့သည်ရှိသော် (သို့) နိုင်ငံတစ်နိုင်ငံမှ လုံခြုံရေးကောင်စီထံတင်ပြလာခဲ့သည်ရှိသော် တစ်စုံတစ်ရာ အရေးယူဆောင်ရွက်မည် ဖြစ်သည်။

ICJ ၏ စီရင်ချက်အားအသက်ဝင်လာအောင် မည်သို့ဆောင်ရွက်သင့်သည်ကို အကြံပေး (သို့) ဆုံးဖြတ်ဆောင်ရွက်ဖို့ရန် လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကိုရယူဖို့ရန် တင်ပြလာခဲ့ လျှင် ပုံမှန်အတိုင်း ဆုံးဖြတ်ရမည်ဖြစ်သည်။ ယင်းသို့ဆုံးဖြတ်ရာတွင် (လုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင် ၅ နိုင်ငံအနက် (အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ တရုတ်၊ ပြင်သစ်၊ ရုရှား) တစ်နိုင်ငံ၏ ဗီတိုအာဏာသုံးပြီး ကန့်ကွက်မှု မရှိစေဖို့ လိုအပ်ပါသည်။

## ဤအမှုတွဲတွင် ဒေါ်အောင်ဆန်းစုကြည်၏အခန်းကဏ္ဍမှာ အဘယ်နည်း။

ICJ ရှေ့မှောက်ရှိ အမှုတွင်ပါဝင်သော အစိုးရတစ်ရပ်ရပ်သည် သံတမန်အဖွဲ့၏ဦးဆောင်ပုဂ္ဂိုလ်အဖြင့် ကိုယ်စားလှယ်တစ်ဦးဦးကို အဆိုပြုနိုင်ပြီး ထိုပုဂ္ဂိုလ်သည် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုကဲ့သို့ ဆောင်ရွက်ပိုင်ခွင့်အာဏာ ရှိပေသည်။

ထိုပုဂ္ဂိုလ်များသည် ICJ ၏ မှတ်တမ်းရုံးမှ အမှုနှင့်ပတ်သတ်သည့် ဆက်သွယ်ပြောဆိုမှုများကို လက်ခံရရှိပြီး လက်မှတ်ရေးထိုးအတည်ပြုထားသော ပြောဆိုဆက်သွယ်မှုများနှင့် လျှောက်လဲချက်များကို ICJ ထံ ပို့ပေးရပါသည်။

ICJ ရှေ့မှောက်ရှိ အများပြည်သူတက်ရောက်နိုင်သောကြားနာပွဲများတွင် ထိုကိုယ်စားလှယ်မှ အစိုးရကိုယ်စား လျှောက်လဲချက်ပြောကြားပြီး တင်သွင်းရပါသည်။

ယေဘုယျအားဖြင့် အစိုးရကိုယ်စား တရားဝင်ဆောင်ရွက်ရမည့် ကိစ္စရပ်များတွင် ထိုကိုယ်စားလှယ်မှ ဆောင်ရွက်ရပါသည်။ထိုသူတို့အား အစိုးမှခန့်အပ်ထားသော ရှေ့နေများနှင့် အကြံပေးများမှ ကူညီပေးကြပါသည်။

*"မြန်မာနိုင်ငံနှင့်စပ်လျဉ်းပြီး နိုင်ငံတကာစာမျက်နှာတွင် ဖြစ်ပေါ်တိုးတက်မှုများအခြေအနေကို အဆင့်မြင့်ရှင်းလင်းတင်ပြင်မှုတစ်ရပ်ကို နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပခဲ့သည်။" ဆိုသည့် ကိစ္စရပ်နှင့် စပ်လျဉ်းပြီး* ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးမှ ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့ပါသည်။

ယင်းကြေညာချက်တွင် *"မြန်မာနိုင်ငံ၏ အကျိုးစီးပွားနှင့် များစွာစပ်ဆက်လျက်ရှိရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ နိုင်ငံခြားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တစ်ဦးအနေဖြင့် ကိုယ်စားလှယ်အဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်"* ဟူ၍ ပါရှိပါသည်။

ဂမ်ဘီယာနိုင်ငံ၏ ကိုယ်စားလှယ်မှာ ရှေ့နေချုပ်နှင့် တရားရေးရာဝန်ကြီး အဘူကာမာရီတန်ဘာဒူ ဖြစ်သည်။

## နောက်ဆက်တွဲ (၁)
## ဂျီနိုဆိုက်စာချုပ်တွင် မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်ခြင်း အပေါ်အဓိပ္ပာယ်ဖွင့်ဆိုချက်

**ပုဒ်မ ၂**

ဤစာချုပ်တွင် မျိုးနွယ်စုတစ်စုအားမျိုးဖြုတ်ခြင်း ဆိုသည့်စကားရပ်၏ အဓိပ္ပာယ်မှာ နိုင်ငံလူမျိုး၊ မျိုးနွယ်စု၊ လူမျိုး (သို့) ဘာသာဝင် စသည့်အစုအဖွဲ့တို့အား အားလုံးကိုသော်လည်းကောင်း တစ်စိတ်တစ်ဒေသသော် လည်းကောင်း ကွယ်ပျောက်ပျက်စီးသွားအောင် ရည်ရွယ်ချက်ဖြင့် အောက်ပါလုပ်ရပ်တစ်ခုခုအား ကျူးလွန်မှုကို ဆိုလိုပါသည်။

(က) ယင်းအစုအဖွဲ့ဝင်များအားသတ်ဖြတ်မှု
(ခ) ယင်းအစုအဖွဲ့ဝင်များအပေါ် ပြင်းထန်သောရုပ်ပိုင်းဆိုင်ရာ (သို့မဟုတ်) စိတ်ပိုင်းဆိုင်ရာ ဒဏ်ချက်နှင့်အန္တရာယ်တို့ဖြစ်အောင် လုပ်ဆောင်မှု
(ဂ) ယင်းအစုအဖွဲ့ဝင်များအား အပြည့်အဝသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသသော် လည်းကောင်း ပျက်စီးစေရန် တွက်ဆကြံစည်၍ ရည်ရွယ်ချက်ဖြင့် ယင်းအဖွဲ့အစည်းများ ဘဝမရပ်တည်နိုင်လောက်သည့် အခြေအနေများကို ဖြစ်ပေါ်စေမှု
(ဃ) ယင်းအစုအဖွဲ့များအတွင်း ကလေးမွေးဖွားမှု၊ သားဖွားမှုများ မပေါ်ပေါက်စေရန် ရည်ရွယ်၍ လုပ်ကိုင်ဆောင်ရွက်မှု
(င) ယင်းအစုအဖွဲ့အတွင်းမှ ကလေးသူငယ်များကိုအခြားအစုအဖွဲ့သို့ အတင်းအဓမ္မရွှေ့ပြောင်းမှု

***

မျိုးနွယ်စုတစ်စုအားမျိုးဖြုတ်ခြင်းရာဇဝတ်မှုကို အသေးစိတ်သိရှိလိုပါလျှင် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များအဖွဲ့မှ ၂၀၁၈ ခုနှစ် ဇါသြဂုတ်လတွင် ရေးသားထုတ်ပြန်ခဲ့သည် မေးခွန်းများနှင့် အဖြေများတွင် ဖတ်ရှုနိုင်ပါသည်။

## နောက်ဆက်တွဲ (၂)
## ကမ်ဘီယာမှတောင်းဆိုသော ကြားဖြတ်အရေးယူဆောင်ရွက်မှုများ

(က) ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၉ ရက် မျိုးနွယ်စုတစ်စုအားမျိုးဖြုတ်ခြင်းပြစ်မှုအား တားဆီးခြင်းနှင့် ပြစ်ဒဏ်ပေးခြင်းဆိုင်ရာစာချုပ်ပါလိုက်နာရမည့် အချက်များကို ဆောင်ရွက်သည့် အနေဖြင့် မြန်မာနိုင်ငံသည် အခွင့်အာဏာရှိသမျှ ဆောင်ရွက်နိုင်သောလုပ်ရပ်များဖြင့် မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်ခြင်းပြစ်မှုကို ပေါ်ပေါက်စေသော (သို့မဟုတ်) အကူအညီပေးသော လုပ်ရပ်များကို ချက်ချင်းတားဆီးရမည်။ ယင်းတွင် ရိုဟင်ဂျာမျိုးနွယ်စုများအပေါ်ကျူးလွန်သော အောက်ပါ လုပ်ရပ်များကိုလည်း အခွင့်အာဏာရှိသမျှ ဆောင်ရွက်နိုင်သောလုပ်ရပ်များဖြင့် တားဆီးရမည်။ တရားဥပဒေမဲ့သတ်ဖြတ်မှုများ (သို့) ရုပ်ပိုင်းဆိုင်ရာနှိပ်စက်မှုများ၊ အဓမ္မကျင့်မှုနှင့် အခြားလိင်အကြမ်းဖက်မှုများ၊ အိမ်များနှင့်ရွာများကို မီးရှို့ဖျက်ဆီးမှုများ၊ လယ်ယာနှင့်မွေးမြူရေး တိရစ္ဆာန်များ ဖျက်ဆီးမှုများ၊ အစားအသောက်နှင့် အခြားအသက်ရှင်ရန် လိုအပ်သည့် ပစ္စည်းများအား ဖျက်တောက်မှုများ၊ (သို့မဟုတ်) ရိုဟင်ဂျာမျိုးနွယ်စုများအား အပြည့်အဝသော် လည်းကောင်း၊ တစ်စိတ်တစ်ဒေသသော် လည်းကောင်း ပျက်စီးစေရန် တွက်ဆကြံစည်၍ ရည်ရွယ်ချက်ဖြင့် ဘဝမရပ်တည်နိုင်လောက်အောင် ဆောင်ရွက်မှုများ စသည့်တို့ ပါဝင်ပါသည်။

(ခ) မြန်မာနိုင်ငံသည် အထူးသဖြင့် စစ်တပ်၊ ပြည်သူ့စစ်နှင့် အခြားသာမန်မဟုတ်သော လက်နက်ကိုင် အဖွဲ့အစည်းများ ၊အခြားအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များမှ ရိုဟင်ဂျာမျိုးနွယ်စုများအား မည်သည့် မျိုးဖြုတ်ခြင်း ပြစ်မှုမြောက်သည့် မည်သည့်လုပ်ရပ်မျိုးကိုမဆို မကျူးလွန်စေရန်၊ မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်ခြင်းပြစ်မှုအတွက် ပူးပေါင်းကြံစည်မှုမရှိစေရန်၊ မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်ခြင်းလုပ်ရန် အများပြည်သူအားတိုက်ရိုက်လှုံ့ဆော်ခြင်းမရှိစေရန်၊ မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်ခြင်းပြစ်မှုတွင် ပါဝင်ပတ်သက်မှု မရှိစေရန် ဆောင်ရွက်ထားရှိရမည်။ ယင်းလုပ်ရပ်များတွင် တရားဥပဒေမဲ့သတ်ဖြတ်မှုများ (သို့) ရုပ်ပိုင်းဆိုင်ရာနှိပ်စက်မှုများ၊ အဓမ္မကျင့်မှုနှင့် အခြားလိင်အကြမ်းဖက်မှုများ၊ အိမ်များနှင့်ရွာများကို မီးရှို့ဖျက်ဆီးမှုများ၊ လယ်ယာနှင့်မွေးမြူရေးတိရစ္ဆာန်များကို ဖျက်ဆီးမှုများ၊ အစားအသောက်နှင့် အခြားအသက်ရှင်ရန် လိုအပ်သည့်ပစ္စည်းများအား ဖြတ်တောက်မှုများ၊ (သို့မဟုတ်) ရိုဟင်ဂျာမျိုးနွယ်စုများအား အပြည့်အဝသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသသော် လည်းကောင်း ပျက်စီးစေရန် တွက်ဆကြံစည်၍ ရည်ရွယ်ချက်ဖြင့် ဘဝမရပ်တည်နိုင်လောက်အောင် ဆောင်ရွက်မှုများ စသည့်တို့ ပါဝင်ပါသည်။

(ဂ) မြန်မာနိုင်ငံသည် ဤလျှောက်လွှာတွင်ဖော်ပြပါရှိသော ဖြစ်ရပ်များနှင့် စပ်ဆက်သော မည်သည့် သက်သေအထောက်အထားများကိုမဆို ဖျက်ဆီးခြင်း (သို့မဟုတ်) ရယူခွင့်မှတားဆီးခြင်းမရှိစေရ။ ယင်းတို့တွင် စွပ်ဆွဲထား မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်ခြင်းပြစ်မှုမြောက်သောလုပ်ရပ်များကို ကျူးလွန်ခံခဲ့ရသည့် ရိုဟင်ဂျာမျိုးနွယ်စုဝင် တစ်ဦးဦး၏ ရုပ်ကြွင်းများကို ဖျက်ဆီးခြင်း (သို့)

ရယူခွင့်မှတားဆီးခြင်း (သို့မဟုတ်) ယင်းစွပ်စွဲထားသောလုပ်ရပ်များကျူးလွန်ခဲ့သည်ဟုဆိုသည့် နေရာများကို ထိုလုပ်ရပ်များ၏ သက်သေအထောက်အထားများအဖြင့် (အကယ်၍ရှိခဲ့ပါမူ) ရယူလိုမရရန် ပြုပြင်ပြောင်းလဲခြင်း စသည်တို့ပါဝင်ပါသည်။ (သို့ရာတွင် ယင်းလုပ်ရပ်တို့သာ ပါဝင်သည်ဟု မယူဆစေရ။)

(ဃ) မြန်မာနိုင်ငံ နှင့် ဂမ်ဘီယာနိုင်ငံတို့သည် ဤလျှောက်လဲလွှာတွင် ပါဝင်သော လက်ရှိ အငြင်းပွားမှုအား ပိုမိုကြီးထွားလာစေရန် (သို့မဟုတ်) ရှည်ကြာလာစေရန် သို့တည်းမဟုတ် ဖြေရှင်းဖို့ပိုမိုခက်ခဲလာစေရန် မည်သည့်လုပ်ရပ်မျိုးကိုမဆို မလုပ်ရ (သို့မဟုတ်) ထိုကဲ့သို့ မဖြစ်စေရန် ဆောင်ရွက်ရမည်။

(င) မြန်မာနိုင်ငံနှင့် ဂမ်ဘီဘာနိုင်ငံတို့သည် ကြားဖြတ်အရေးယူဆောင်ရွက်ရန်အမိန့်စီရင်ချက်အား အကောင်ထည်ဖော်ဆောင်ရွက်မှုလုပ်ရပ်အားလုံးကို အမိန့်ထုတ်ပြန်ပြီး လေးလအတွင်း ရုံးတော်ထံ အစီရင်ခံစာတစ်စောင်စီ တင်သွင်းရမည်၊